## ချင်းအမျိုးသားအလံတော် (Chin National Flag)

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးတွင် ၎င်းတို့ကို ကိုယ်စားပြုသည့် အမှတ်လက္ခဏာအလံတော်ကို ထားရှိမြဲဖြစ်သည်။ ထိုအလံတော်သည် နိုင်ငံ၊ လူမျိုးတို့၏ ရည်မှန်းချက်၊ ဂုဏ်အင်လက္ခဏာများ၊ အမှတ်သင်္ကေတများနှင့် သဘောထားအမြင်များကို ဖော်ပြပေးသည့် အမှတ်တံဆိပ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၊ လူမျိုးတို့သည် မိမိတို့အလံတော်ကို အထွတ်အမြတ်ထားခြင်း၊ မြတ်နိုးခြင်း၊ လေးစားတန်ဖိုးထားခြင်း၊ ဂုဏ်ပြုခြင်းများ ပြုလုပ်ကြသည်။

ကျွန်ုပ်တို့ ချင်းလဲန်နှင့် ချင်းအမျိုးသားတို့သည် နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်နိုင်သော ချင်းလူမျိုးများ နေထိုင်ရာမြေ၊ နယ်နိမိတ် အထင်အရှားရှိခြင်း၊ ထိုနယ်မြေတွင် သင့်တင့်လျောက်ပတ်သော လူဦးရေရှိသည့်အပြင် လူမျိုးတစ်မျိုးအဖြစ် သတ်မှတ်နိုင်သည့် တူညီသော ယဉ်ကျေးမှု၊ ဘာသာစကားနှင့် စာပေရှိခြင်းနှင့် ခိုင်မာသော ချင်းအမျိုးသားသမိုင်းရှိခြင်းစသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသည့်အပြင် ချင်းမျိုးနွယ်စုများအလိုက် သီးခြား အုပ်ချုပ်နေထိုင်လာခဲ့သည့် လူမျိုးတစ်မျိုး ဖြစ်သည်။

ချင်းလဲန်နှင့် ချင်းလူမျိုးတို့သည် အင်္ဂလိပ်တို့၏ လက်နက်ဖြင့် တိုက်ခိုက်သိမ်းပိုက်မှုကြောင့် ၁၈၉၆ ခုနှစ်မှစ၍ အင်္ဂလိပ်တို့၏ လက်အောက်တွင် ကျရောက်ခဲ့ရပြီး ၁၉၄၈ ခုနှစ်တွင်တဖန် ဗမာလူမျိုးကြီးဝါဒီများနှင့် စစ်အာဏာရှင်များ၏ အုပ်ချုပ်မှုအောက်တွင် ကျရောက်ခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်သည်။ ဤလက်လွှတ်ဆုံးရှုံးခဲ့ရသော နယ်မြေနှင့် အခွင့်အရေးများကို ပြန်လည်ရရှိနိုင်ရန်နှင့် ချင်းအမျိုးသားတို့၏ အမျိုးသားအင်္ဂါရပ်များ ထိန်းသိမ်းရန် ပီပြင်ပြည့်စုံသော အမျိုးသားအင်္ဂါရပ်များနှင့် လွတ်လပ်သော အမျိုးသားနိုင်ငံတော်ကို ထူထောင်ရန် ချင်းအမျိုးသားများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်၍ ချင်းအမျိုးသားတို့၏ ဂုဏ်အင်လက္ခဏာ၊ ဂုဏ်သိက္ခာကိုဖော်ကြူးပြီး အမျိုးသားကို ကိုယ်စားပြုသည့် အမျိုးသားအလံတော်ကို ထားရှိရပေမည်။ ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားအလံတော်ကို ချင်းအမျိုးသားများ၏ ရည်မှန်းချက်၊ လိုလားချက်ဖြစ်မည်ဟု ယူဆထားသည့်အချက်များအပေါ် အခြေခံ၍ သရုပ်ဖော်သတ်မှတ်ထားခြင်းဖြစ်သည်။

**(က) အရွယ်အစား**

ချင်းအမျိုးသားအလံတော်၏ အရွယ်အစားကို သုံးမျိုးသုံးစား ခွဲခြားထားသည်။


**ပထမအရွယ်အစား**

ဤအရွယ်အစားကို အလျား ၉ ပေ၊ အနံ ၅ ပေအဖြစ် သတ်မှတ်သည်။ ဤအရွယ်အစားအလံတော်သည် တိုင်ထိပ်တွင် လွှင့်ထူရန်အတွက်သော်လည်းကောင်း၊ လေဟာပြင် (ကွင်းပြင်) တွင်ပြုလုပ်သော နေ့ထူးနေ့မြတ်အခမ်းအနားများတွင် တိုင်ထိပ်၌လွှင့်ထူရန်အတွက် သော်လည်းကောင်း၊ ခန်းမဆောင်အတွင်း ပြုလုပ်သော ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ နေ့ထူးနေ့မြတ်အခမ်းအနားများ၊ ဂုဏ်ပြုပွဲအခမ်းအနားများ၊ အခြားသော အခမ်းအနားပွဲများ၊ ပွဲလမ်းသဘင်များ၊ အစည်းအဝေးများ၊ ဌာနဆိုင်ရာရုံးများစသည်တို့တွင် နောက်ခံအဖြစ် ချိတ်ဆွဲရန်အတွက်သော်လည်းကောင်း အသုံးပြုရန်ဖြစ်သည်။

ဒုတိယအရွယ်အစား ဤအရွယ်အစားကို အလျားနှင့်အနံ ၉ ပေ၊ ၅ ပေကို အခြေခံ၍ အရွယ်အစားအမျိုးမျိုးဖြင့် ပြုလုပ်နိုင်သည်။ ဤအရွယ်အစားရှိ အလံတော်သည် လေဟာပြင် (ကွင်းပြင်) တွင်သော်လည်းကောင်း၊ ခန်းမဆောင်တွင်သော်လည်းကောင်း ကျင်းပပြုလုပ်သည့် နေ့ထူးနေ့မြတ် အခမ်းအနားများ၊ ညီလာခံများ၊ နီးနှောဖလှယ်ပွဲများစသည့် ကြီးကျယ်သော အခမ်းအနားပြင်ဆင်မှုများတွင် အရုံ တန်ဆာဆင်မှုများအတွက် အသုံးပြုရန်ဖြစ်သည်။

**တတိယအရွယ်အစား**

ဤအရွယ်အစားကို အလျား ၉ လက်မ၊ အနံ ၅ လက်မအဖြစ် သတ်မှတ်သည်။ ဤအရွယ်အစားရှိအလံတော်သည် လိုအပ်သည့်နေရာတိုင်းတွင် စားပွဲပေါ်တင်၍ အသုံးပြုရန် ဖြစ်သည်။



**(ခ) ပုံသဏ္ဍာန်**

ချင်းအမျိုးသားအလံတော်သည် အနီရောင်၊ အဖြူရောင်၊ အပြာရောင်စသည့် အရောင်သုံးရောင်ဖြင့် အချိုးညီစွာ အလျားလိုက် ခြယ်သထားသည်။ အပြာရောင်ကို အောက်ပိုင်း၌လည်းကောင်း၊ အဖြူရောင်ကို အလယ်ပိုင်း၌လည်းကောင်း၊ အနီရောင်ကို အထက်ပိုင်း၌လည်းကောင်း ထားရှိသည်။ အလယ်ပိုင်း အဖြူရောင်အလယ်တည့်တည့်တွင် အောက်ချင်းငှက်မောင်နှံ ဘေးချင်းယှဉ်ထိုင်နေသည့်ပုံ ပါရှိသော အဖြူရောင်စက်ဝိုင်းကို အထက်ပိုင်းနီရောင်နှင့် အောက်ပိုင်းအပြာရောင် ထက်ဝက်တိတိ ထားရှိရမည်။ အလံတော်၏ အနံတဖက်ရှိ အနားတွင် တိုင်ထိပ်ပေါ်လွှင့်ထူနိုင်ရန်အတွက် ကြိုးစ ၄ ချောင်းကို တူညီသောအကွာအဝေးဖြင့် တပ်ဆင်ထားသည်။ သို့သော် နောက်ခံနံရံတွင် ချိတ်ဆွဲရန်အတွက်ကိုမူ ကြိုးစ မတပ်ဆင်ထားလျှင်လည်း ဖြစ်နိုင်သည်။

**(ဂ) အဓိပ္ပါယ်ဖွင့်ဆိုချက်**

အမျိုးသားအလံတော်တွင်ပါရှိသည့် အလျားလိုက်အရောင်သုံးရောင်နှင့် အောက်ချင်ငှက်မောင်နှံပုံ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**အနီရောင်**

အနီရောင်သည် ရဲရင့်ခြင်း၊ သတ္တိပြောင်မြောက်ခြင်း၊ ဖွဲလုံ့လရှိခြင်း၊ စွန့်စားခြင်းကို ဖော်ဆောင်သည်။ ချင်းအမျိုးသားတို့၏ အရည်အချင်းကို ဖော်ကျူးထားခြင်းဖြစ်ပြီး ၎င်းအရည်အချင်းအား ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအလို့ငှာ အမှတ်သင်္ကေတအဖြစ် အသုံးပြုထားခြင်းဖြစ်သည်။

**အဖြူရောင်**

အဖြူရောင်သည် ဖြူစင်သန့်ရှင်းခြင်း၊ ရိုးစင်းခြင်း၊ အစွန်းအထင်းမရှိခြင်းတို့ကို ဖော်ဆောင်သည်။ ချင်းအမျိုးသားတို့၏ ပင်ကိုယ်စိတ်နေစိတ်ထားဖြစ်သည့် စိတ်နှလုံးဖြူစင်သန့်ရှင်း၊ ရိုးသားဖြောင့်မတ်ခြင်းတို့ကို ဖော်ပြပြီး ဘေးပတ်ဝန်းကျင်၏ မတရားကျူးကျော်လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာမည့် အပြစ်အနာအဆာ၊ အစွန်းအထင်းမရှိအောင် မိမိတို့ကိုယ်တိုင် ကာကွယ်ရေးအတွက် အသုံးပြုထားသည့် အမှတ်အသားဖြစ်သည်။

**အပြာရောင်**

အပြာရောင်သည် ငြိမ်းချမ်းခြင်း၊ အေးမြခြင်း၊ တည်ငြိမ်ခြင်း၊ သစ္စာတည်ခြင်းကို ဖော်ဆောင်သည်၊ ချင်းလဲန်နှင့် ချင်းအမျိုးသားထုအတွင်း ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ စိတ်နှလုံးအေးမြခြင်းတို့ကို ဖော်ထုတ်နိုင်ရေးနှင့် ချင်းအမျိုးသားတို့၏ တည်မြဲသော သစ္စာတရားတို့ကို ဖော်ပြသည့် အမှတ်အသားဖြစ်သည်။

အောက်ချင်းငှက်သည် ချင်းအမျိုးသားတို့၏ အမှတ်သင်္ကေတအဖြစ် ရှေးဦးမဆွကပင် အသုံးပြုပြီးဖြစ်ပြီး ချင်းအမျိုးသားတို့၏ ရိုးသားမှု၊ သစ္စာရှိမှု၊ ယုံကြည်စိတ်ချတတ်သည့် စိတ်ဓါတ်ရှိမှုနှင့် ခံနိုင်ရည်ရှိမှုကို ဖော်ကျူးထားခြင်းဖြစ်သည်။ ချင်းအမျိုးသားတို့အနေဖြင့် ချင်းအမျိုးသားတို့အကြားတွင်သာမက ကမ္ဘာသူကမ္ဘာသားများနှင့် အတူယှဉ်တွဲနေထိုင်ရာတွင် ရိုးရိုးသားသား၊ သစ္စာရှိရှိဆက်ဆံမှုများ ပြုလုပ်သွားမည့်နည်းတူ ကမ္ဘာသူကမ္ဘာသားများ၏ ယုံကြည်စိတ်ချမှု၊ အားကိုးယုံကြည်မှုကိုပါ တည်ဆောက်သွားမည့် အမှတ်အသားအဖြစ် အသုံးပြုထားခြင်းဖြစ်သည်။

*******